မိတ်ဆွေစာပေ

သေခါနီးမှ ဘုရားကယ်ပါ
တရားကယ်ပါ လို့ ညည်းမနေနဲ့...
ဘဝကြီးက... ခင်ဗျားကို...
အချိန်တွေ အများကြီးပေးခဲ့သားပဲ...

# တန်ဖိုးရှိရှိ
# အတွေးအသိ



## လောကသစ္စာ

ဘဝ – အသိနှင့်စိတ်ဓာတ်ခွန်အားဖြည့်စာစုများ

သေခါနီးမှ ဘုရားကယ်ပါ
တရားကယ်ပါ လို့ ညည်းမနေနဲ့...
ဘဝကြီးက... ခင်ဗျားကို...
အချိန်တွေ အများကြီးပေးခဲ့သားပဲ...

တနိုဗိုးရှိရှိ

# အတွေးအသိ



လောကသစ္စာ

မြန်မာပြန်
မိတ်ဆွေစာပေ
(၆၁)၊ ဘုရင့်နောင်လမ်း၊ ရတနာလမ်းထိပ်၊
ပေါက်တောရပ်ကွက်၊ အင်းစိန်
၀၉ ၂၅၀၆၆၁၃၀၃၊ ၀၉ ၇၉၉၇၄၃၃၉၃

3000

၈၀၀

မိတ်ကောင်းဆွေမွန်၊ လမ်းကောင်းညွှန်၍
များလွန်အကျိုး ရွက်သည်ပိုး၏၊
မိတ်ဆွေစာပေ

ဖြန့်ချိရေး
မိတ်ဆွေစာပေ
အမှတ်(၆၁)၊ ဘုရင့်နောင်လမ်းမ၊ ရတနာလမ်းထိပ်၊
ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်
ဖုန်း – ၀၉ ၂၅၀၆၆၁၃၀၃၊ ၀၉ ၇၉၉၇၄၃၃၃၉၃

၀၀၄၉

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၂၀ ဩဂုတ်လ

အုပ်ရေ - ၅၀၀ အုပ်

3000

မျက်နှာဖုံးဒီဇိုင်း - မင်း

ကွန်ပျူတာ - လောကသစ္စာ

အတွင်းဖလင် - ADRON

ထုတ်ဝေသူ - ဦးတင်ဌေးအောင် (၀၁၃၃၇)

သုံးလောကစာပေ အမှတ် (၂၁) အေ၊

မြင့်မိုရ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊

အင်းစိန်။

မျက်နှာဖုံးနှင့် - ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)

အတွင်းပုံနှိပ် စိုးမေတ္တာပုံနှိပ်တိုက်

အမှတ်(၁၇)၊ ၅၆လမ်း

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

လောကသစ္စာ ၃၉၈.၂
တန်ဖိုးရှိရှိ အတွေးအသိ
ရန်ကုန်
သုံးလောကစာပေ၊ ပထမအကြိမ်၊ ၂၀၂၀
၂၀၈-စ၊ ၁၂ × ၁၈ စင်တီ


သေခါနီးမှ ဘုရားကယ်ပါ
တရားကယ်ပါ လို့ ညည်းမနေနဲ့...
ဘဝကြီးက... ခင်ဗျားကို...
အချိန်တွေ အများကြီးပေးခဲ့သားပဲ...
ဘဝလှ★ဘဝပါ
လောကသစ္စာ
၁၁၀ – ဒေသနာ့စိတ်ဓာတ်ခွန်အားဖြည့်စာစုများ

# အတ္တာဟိ
# အတ္တနော
# နာထော



# အမှာစကား

ဖတ်ပူးတဲ့ ဟာအုပ်ကလေးတစ်အုပ်ထဲက••အကြောင်းအရာလေးတစ်ခုကိုပဲ ကျွန်တော်စပြောပါရစေ

"လောကကြီးမှာ မဖြစ်နိုင်တာတွေကို အများဆုံးပြောတဲ့ ပုဂ္ဂိုလ်တွေဟာ တက်ကျမ်းဆရာတွေပဲ•••"

(၁)နှစ်အတွင်း ချမ်းသာနည်းတို့၊ (၅)နှစ်အတွင်းသူဌေးဖြစ်နည်းတို့ဆိုတဲ့ ခေါင်းစဉ်တွေနဲ့••ပလူပျံအောင်ထွက်နေတဲ့တက်ကျမ်းစာအုပ်တွေက••သက်သေပါပဲ။စာအုပ်တွေကတော့ ဖတ်လို့

ကောင်းပါရဲ့..ဒါပေမယ့် အဲဒီစာအုပ်တွေထဲကအတိုင်း လိုက်နာနိုင်သူမရှိသလောက်ပါပဲ...ဒါကြောင့်လည်း..."ခင်ဗျား ဒီနိခဲကို ကျုပ်နေရာရွှေ့ထားတယ်"..ဆိုတဲ့ မတက်ကျမ်း'စာအုပ်မျိုးတွေ ထွက်လာတာပေါ့။

တကယ်တော့ လူတိုင်းနီးပါး..ချမ်းသာချင်ကြတဲ့လူတွေချည်းပါပဲ။ ဒါပေမယ့်..သူဌေးဆိုတဲ့ လူအများစုက အဲဒီ "တက်ကျမ်း"စာအုပ်တွေကို မဖတ်ကြပါဘူး ပြောင်ပြောင်...ပြောရရင်..သူဌေးတွေက သိပ်စာမဖတ်ကြဘူး။ ဒါကြောင့်လည်း မှုတတဲ့..ဆောင်ရန်ရှောင်ရန် ဆောင်ပုဒ်တွေကို လိုက်နာဖို့ထက် ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ်သူ့ အတွက် အမြတ်ကျန်အောင် ကြိုးစားနေကြတာပေါ့။

ဒါမှလည်း..သူဌေးဖြစ်မှာလေ။

ဒီတော့လည်း "ငွေမှလွဲ၍ဘာမှမသိသော သတ္တဝါကို သူဌေးဟုခေါ်သည်"...ဆိုတဲ့စကား..ခေတ်တိုင်းခံစားနေရတာ။

ဖြတ်လမ်းလိုက်ပြီး..သူဌေးဖြစ်သွားတဲ့သူတွေ မရှိဘူးတော့ မဟုတ်ပါဘူး၊ နေရာတိုင်း၊ နယ်ပယ်တိုင်းမှာ ရှိပါတယ်။

ဒါပေမယ့် ဖြတ်လမ်းဆိုတာ အင်မတန်အန္တရာယ်ရှိတဲ့ ခရီးကြမ်းပါ။ အဲဒီ ကန္တာရထဲမှာ လမ်းပျောက်သွားတဲ့ လူတွေ၊

ကျရှုံးသွားကြတဲ့လူတွေ၊ အများကြီး။

ဒီဖြတ်လမ်းသဘာဝပဲ။ "သေရင်မြေကြီး..ရှင်ရင်ရွှေထီး" အဲသလို ရည်ရွယ်ချက်တွေနဲ့ ဖြတ်လမ်းလိုက်တဲ့သူတိုင်း ပန်းတိုင်ရောက်တဲ့ သူနည်းပါးတယ်။

ဒီတော့..လူတွေက ဖြတ်လမ်းလိုက်တဲ့ သူကများနေတာပဲ ။"အရင်လို..လမ်းအိုလိုက်" ဆိုတဲ့ရှေးစကားကိုလည်း မေ့လျော့နေကြတယ်။

ဒါကြောင့်လည်း..သူဌေးဆိုတာ ရှားပါးကုန်တစ်ခုလိုဖြစ်နေတာ...။

အဲဒီတော့ လူတွေအများစုက ချမ်းသာတယ်ဆိုတာ ကောင်းတဲ့သူတွေအတွက်..ဆိုပြီးကံကို ပုံချလိုက်ပါလေရော။

လူဆိုတာ အနည်းနဲ့အများဆိုသလို ကိုယ့်ကိုကိုယ်တ... ဆောက်နေကြသူတွေချည်းပဲလေ။

မှန်မှန်ကန်ကန်တည်ဆောက်သူနဲ့ မမှန်မကန်တည်ဆောက်သူကတော့ကွာတာပေါ့။

ဘယ်လိုပဲ..မမှန်မကန်တည်ဆောက်ခဲ့..တည်ဆောက်ခဲ့ အောင်မြင်မှုရလာရင်တော့ ဘယ်လိုရိုးသားကြိုးစားခဲ့ရတယ် ဘာညာပေါ့ အဲသလို စကားလုံးတွေကို ကရားရေလွှတ်ပြောပြီး

မဟာဆွေစာပေ

ညြဝါဒချေတော့တာပဲ။

ဒါပေမယ့် “ကြောင် ကြာကြာရေမငုပ်နိုင်ဘူး” ဆိုသလို အချိန်တန်တော့လည်း…ဘူးပေါ်သလိုပေါ်တော့တာပါဘဲ…(သူက ဘာလုပ်ပြီး ကြီးပွားတာတို့..ညာလုပ်ပြီး ကြီးပွားတာတို့ အဲသလိုမျိုး)

တကယ်တော့ ဘဝကိုမှန်မှန်ကန်ကန်တည်ဆောက်ပြီး ရိုးသားစွာ ရပ်တည်နေကြတဲ့ သူတွေလည်းရှိပါတယ်။

မမှန်တာလုပ်သူတွေရဲ့နောက်မှာ မဟုတ်တာလုပ်တဲ့သူ တွေ ရှိနေသလို..မှန်တာလုပ်တဲ့ လူတွေရဲ့နောက်မှာ ဟုတ်တာလုပ်တဲ့ လူတွေရှိနေမှာ အမှန်ပဲ…။

ဒါ..နိယာမပဲ..။

ဒါပေမယ့် ကိုယ့်လမ်းကြောင်းပေါ်မှာ ဘယ်လောက်ပဲ မှန်မှန်ကန်ကန်လျှောက်လှမ်းနေပါစေ..ခြေထိုးခံမယ့် သူတို့ ဖျက် လို ဖျက်စီး…လုပ်မယ့်သူ မကောင်းပြောမယ့် သူတွေကတော့ နယ်ပယ်တိုင်းမှာ ရှိနေမှာပါ…။

ဘဝရဲ့ကိုယ့်ရည်မှန်းချက်ထားတဲ့ ပန်းတိုင်ကိုရောက်ဖို့ အတွက် ဒါမျိုးတွေကိုကြံ့ကြံ့ခံနိုင်မယ့် သတ္တိတော့ ရှိဖို့လိုပါတယ်။

ဒါကြောင့်..ကျွန်တော်ရေးတာ တက်ကျမ်းမဟုတ်ပါဘူး

ချမ်းသာအောင်လည်း မန်းမှုတ်မပေးနိုင်ပါဘူး။

ထိပေါက်သူတွေ၊ ကောက်ရသူတွေ၊ အမွေရသူတွေ.. ဒါမှမဟုတ် တစ်နည်းနည်းနဲ့ အချိုကြီးရထားတဲ့သူတွေတောင် နည်းလမ်းမကောင်းရင် ထီးထမ်းရောင်းရတဲ့ ဘဝမျိုး ရောက်တတ်ပါတယ်... ဒါကြောင့်

နည်းလမ်းလေးပေးထားတာပါ..။

မေ့လျော့နေခဲ့ရင်လည်း သတိပေးတာပါ..။

လိုချင်ရင်ယူပါ။

မလိုချင်ရင်တော့လည်းသဘောပါပဲ။

အပျင်းပြေလေး ဖတ်ပေးတယ်ဆိုရင်ပဲ ကျေးဇူးတင်ပါတယ်။

ချစ်ခြင်းအားဖြင့်
လောကသစ္စာ
09798315882

မိုးတိမ်ဆွေစာပေ

# စေတနာစကား

ကျွန်တော်လဲကျခဲ့ဖူးပါတယ်။ လဲကျတာမှ စုတ်ပြတ်သွားအောင်ဖြစ်ခဲ့တာ...။ ဒါပေမယ့်...

ဒီ..အဆိုအမိန့်တွေ၊ ဒီ...ဒဿနတွေကို ဖတ်ပြီးခွန်အားတွေနဲ့ ဘဝကိုပြန်ထခဲ့ရတာပါ။ ဒါကြောင့်လည်းကျွန်တော့်လိုမျိုးဘဝ မဖြစ်စေချင်တဲ့ စေတနာနဲ့မျှဝေတာပါ။ လဲကျတယ်ဆိုတာ...ကိုယ့်အားနည်းချက်၊ ကိုယ့်လိုအပ်ချက်...ကိုယ့်ရဲ့လွဲမှားမှုတစ်ခုခုကြောင့်ပါ။

ပြန်မထရင်တော့ ကျရှုံးသွားမှာပါပဲ။

မကြောက်ပါနဲ့ မိတ်ဆွေ...လူတိုင်းလည်း လဲကျဖူးတယ်။

ဒါကြောင့်


လဲကျရင်...ပြန်ထ...မရ ရအောင်ပြန်ထ။

ကုန်...ရုန်း...ထ...

လုံး၂...မလျော့နဲ့

ချစ်ခြင်းအားဖြင့်

လောကသစ္စာ



# ပြောပြချင်ပါတယ်

လူတွေက သံသရာမှာ ခရီးသွားနေရင်းက နေ့စဉ်နှင့်အမျှ မိမိတို့ ကိုယ်တိုင် မရှင်းတဲ့ မသေချာတဲ့ မဝေခွဲနိုင်တဲ့ ပြဿနာအရပ်ရပ်တွေနဲ့ ကြုံတွေ့နေရလေ့ရှိနေကြရပါတယ်။

ဒီအထဲမှာ ဟုတ်တာပဲလုပ်လုပ် မဟုတ်တာပဲလုပ်လုပ် အတူတူပဲလို့ အဓိပ္ပါယ်ထွက်သယောင်ယောင်နဲ့ မဝေခွဲနိုင်ကြတဲ့ သူတွေတောင် တွေ့နေရပါတယ်။

သဘောကတော့ "လေနဲ့ဝမ်း" နဲ့ မကွဲကြတဲ့ လူမျိုး

တွေလို့ဆိုရင် ရပါတယ်။ "ဘယ်ကလာခဲ့ရမှန်းမသိသလို ဘယ်ကိုသွားရမှန်း မသိတဲ့ လူတွေက လူ့လောကမှာ နေရတုန်း နေရခိုက် သံယောဇဉ် ဖြစ်စရာလေးတွေကို ချည်နှောင်ပြီးသွားလာနေကြတုန်း မြန်းဆို သတိတရားလေး အတော်အတန် ရရှိလာတဲ့ အချိန်မှာ ဟာ ဒါတွေဟာ ဒုက္ခပေးနိုင်တဲ့ နှောင်ကြိုးတွေပဲဆိုတဲ့အသိနဲ့ အတင်းပြန်ပြီး ဖြည်ကြပြန်ပါရော...။

ဒီလို ဖြည်လိုက် ဒုက္ခတွေနဲ့ ပြန်ရစ်ပတ်လိုက်နဲ့ လုံးလည်ချာလပတ်ကို ရမ်းနေကြတာ...။ ဒါဟာ လူ့သဘာဝဆိုလည်း မမှားပါဘူး။

လူ့လောကမှာ ဖြစ်ခြင်းနဲ့ ပျက်ခြင်းဆိုတဲ့ သံသရာထဲကူးလူးသွားလာနေရတဲ့ လူသားတစ်ယောက်အဖို့ လူဖြစ်ရကျိုးနပ်အောင် လုပ်သင့်လုပ်ထိုက်တဲ့ အမှန်တရားတွေကို ရှာဖွေလုပ်ကိုင်ဖို့ လိုပါတယ်။

ဒါကို အကြံပေးချင်တာ...။ ဒါကို မျှဝေချင်တာပါ...။

လူ့လောကမှာ ဧည့်သည်တွေချည်း ဖြစ်တဲ့ ခင်ဗျားတို့နဲ့ ကျွန်တော်နဲ့ ဝါတော့ အညမည ဖြစ်ပြီးသားပါ (ဟုတ်တယ်နော်)

အတူတူ လာလည်း လာဖူးကြပြီ။ (ဒါကြောင့် ခုလိုဆုံတွေ့နေကြရတာပေါ့) အတူတူ သွားလည်း သွားကြရမှာပါပဲ။

မဟာဆောင်တာ

အဲဒီတော့ ကျွန်တော်တို့ ခင်ဗျားတို့ဟာ ချစ်လည်းချစ်ခဲ့ဖူးကြ တယ်။ မုန်းလည်းမုန်းခဲ့ဖူးကြတယ်။ သုခတွေလည်း စံခဲ့ရဖူးပြီးပြီ။ ဒုက္ခတွေလည်း ခံခဲ့ရဖူးပြီးပြီလို့ ကျွန်တော်ယုံကြည်ပါတယ်။

ဒီနေရာမှာ နည်းနည်းပြောချင်တာက ကျွန်တော်အထက်က ပြောခဲ့သလို "လေနဲ့ ဝမ်းနဲ့" မကွဲသေးတဲ့ လူတွေနဲ့ ဖြစ်ရပ်တွေပါ။

တကယ်ဆို ကျွန်တော်တို့တတွေက သုခကိုပဲ လိုက်ရှာကြတာပါ။ ဒါပေမဲ့... အဲဒီသုခတွေက လာရင်လည်း ဒုက္ခကို တွဲတွဲခေါ်လာတဲ့ ကိစ္စပါပဲ။

ချမ်းသာချင်တယ်။ ကြီးပွားချင်တယ်။ အောင်မြင်ချင်တယ်။ ပျော်ပျော်ရွှင်ရွှင် နေချင်တယ်။ အိမ်တွေခြံတွေ တိုက်တွေ ကားတွေနဲ့ နေချင်တယ်။ အဲဒီလို "သုခ" ချမ်းသာခြင်းကို ရဖို့ နိစ္စဒူဝ ရှာဖွေနေကြရတယ်။

ဒုက္ခကိုတော့ နိုး (No) ပါပဲ။ မလာပါနဲ့ပေါ့...။

ကဲ... ဟုတ်ပါပြီ။ အဲဒါတွေ တဖြည်းဖြည်း ဖြစ်လာပြီ။ တဖြည်းဖြည်း ရလာပြီ ဆိုတော့ရော ဒုက္ခနဲ့ ဝေးသွားရောလား ဆိုတော့ နိုး (No) ပါပဲ...။

ကျွန်တော်တို့ မျှော်လင့်ထားတဲ့စိတ်

မိတ်ဆွေစာပေ

* ဖြစ်လာပြီး ပျက်သွားမှာ စိုးတဲ့စိတ်

* ပျက်သွားရင်လည်း ခံစားနိုင်ပါ့မလားဆိုတဲ့စိတ်

အဲ့ဒီစိတ်တွေကြောင့် သောက ရောက်တော့တာ ခင်ဗျား စဉ်းစား...။ ကိုယ်အိတ်ကပ်ထဲမှာ ပိုက်ဆံလေး များများပါရင်တောင်၊ ဖုန်းအကောင်းစားလေး ကိုင်ထားရင်တောင် ပျောက်သွား ပျက်သွားမှာ စိုးရိမ်နေရတယ် မဟုတ်လား...။

အဲဒီမှာ ကျွန်တော်တို့ "ဒုက္ခ" နဲ့စတွေ့တော့တာပါပဲ။ အဲဒီစိတ်တွေက စပြီး ဒုက္ခပေးနေတော့တာ...။

**ဖြစ်ချင်တာက... သုခ**

**ဖြစ်ပြီးပျက်သွားမှာ စိုးတာက... ဒုက္ခ**

ဒါကြောင့် သုခကို ရှာရင် သူတစ်ယောက်တည်းမလာဘဲ ဒုက္ခကို လည်ပင်းဖက်ပြီး ခေါ်... ခေါ်... လာတယ်ဆိုတာ အဲဒါကို ပြောတာ။

အဲဒီတော့... ဒုက္ခကို မလိုချင်ရင် သုခကို ရှာမနေနဲ့တော့လို့ လွယ်လွယ်မပြောလိုက်ချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပုထုဇဉ်ကိုး...။

အဲ့ဒီတော့ ဖြစ်ချင်တဲ့... သုခ

ပျက်မှာကို စိုးရိမ်တဲ့... ဒုက္ခ အဲဒါတွေကို ခံနိုင်ရည်

ရှိရမယ့် "စွမ်းအားဆေး" လေးရှိဖို့တော့ ခင်ဗျားတို့မှာ လိုတာ ပေါ့။ ဒါကို ပြောချင်တာပါ။ အဲဒီဆေးညွှန်းလေး ပေးချင်တာ။

ဒီခံနိုင်ရည် စွမ်းအားဆေးကတော့ တရားပါ (လူတိုင်း သိပါတယ်)

ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့ လောကဓံကို လက်ခံနိုင်တဲ့ တရားဆေးပါ။

ဒီဆေးက သူများသောက်လို့ ကိုယ်မပျောက်ပါဘူး။ ရောဂါတစ်ခုလိုပါပဲ။ ကိုယ်သောက်မှ ကိုယ်ပျောက်မှာပါ။ ဒီလို ပါပဲ။ ဘယ်သူ့တရားချ ချ ကိုယ့်တရား ကိုယ်ချမှ ကိုယ်ရမှာ။

ကျွန်တော်လည်း အဲဒီခံနိုင်ရည်စွမ်းအားရှိတဲ့ တရားဆေး လေးတော့ နည်းနည်းသိထားပါတယ်။ *(သိထားတာနော် ရှိ ထားတာမဟုတ်ဘူး)

ပညတ်အားဖြင့်တော့ ကျွန်တော်ကို "လောကသစ္စာ" လို့ ခင်ဗျားတို့ သိကြမှာပါ။ ပရမတ်အရပြောရရင်တော့ အရေပြား အောက်က အဆီပြင် အဆီပြင်အောက်က အရိုး၊ အရိုးအောက်က နေ ပြာဖြစ်မယ့် အပုတ်ကောင် အလကားကောင်ကြီးလို့ သိထား ပါတယ်။

အဲ့ဒီ သိထားတဲ့ အချိန်မှာ သတိထားမိတာက ကျွန်တော်

မိုးဆွေစာပေ

သံပင်တွေ စဖြူလာပါပြီ။

ချစ်ခြင်းအားဖြင့်

လောကသစ္စာ

09798315882

စကားကျန်

ခင်ဗျား သိပ်ပျော်တဲ့ အခါမှာပဲဖြစ်ဖြစ်၊ သိပ်စိတ်ညစ်နေတဲ့ အခါမှာပဲဖြစ်ဖြစ်၊ ကြိုက်ရာ တစ်ခုခုလေးကို ဖတ်ကြည့်လိုက်ပါ။ ထူးခြားလာပါလိမ့်မယ်။ အဲဒီ ခင်ဗျားအတွက် အမြတ်ပါပဲ။

အဲဒီခင်ဗျားကို ကျွန်တော်ပေးမယ့် ဆေးပါ။

ကျေးဇူးတင်ပါတယ်။

# မျက်နှာဖုံးစိတ်ကူး

- အသက်ရှင်သန်စဉ်အချိန်မှာ ဘာတွေပဲလုပ်ခဲ့လုပ်ခဲ့ ဘာကောင်းကြီးဖြစ်နေနေ သေရင်တော့ပြုံးပြုံးလေး သေနိုင်အောင် ကြိုးစားပါမိတ်ဆွေ
- ရှင်သန်စဉ်မှာ ခင်ဗျား ဘယ်လောက်ချမ်းသာသလဲ ဘာတွေပိုင်ဆိုင်ခဲ့သလဲ...။ ဒါတွေအားလုံးဟာ ခင်ဗျား သေရင်တော့ ဘာမှကို ယူသွားလို့ မရတော့ပါဘူး။
- ဒေါသ၊ မောဟ၊ မာန်မာနတွေနဲ့ မောက်ကြွားထောင်လွှားပြီး ခင်ဗျားရပ်တည်ခဲ့တဲ့ မြေကြီးအောက်ကို သေရင်တော့ ခင်ဗျားရောက်သွားရမှာပါပဲ။



# တန်ဖိုးရှိရှိ အတွေးအသိ

“ဆောရီးပါ အဘ ဒီနေရာမှာ VIP ဆိုတာ မရှိဘူး။ ခိုင်းစရာ PSO မရှိဘူး။ အပြုစုခံဖို့ Special Nurse မရှိဘူး။ မျက်ရည်ခံထိုးဖို့ မိသားစု မရှိဘူး။ ရိုးရိုးတန်း အထူးတန်း မရှိဘူး။

တစ်ကာယ်တော့ ဒီက ရေခဲတိုက်ပါ။ ရောက်လာသူမှန်သမျှကို အလောင်းကောင်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အယုတ်အလတ် အမြတ်မရွေး နေရာပေးရတာပါ စိတ်မရှိပါနဲ့။”

"ငါ့နာမည် ငါ့ရာထူးကို ပြောပြလိုက်ကွာ"

"ဝမ်းနည်းပါတယ် အဘ"

ဒီနေရာမှာ ရာထူးတွေ အာဏာတွေ ပါဝါတွေက နေရာကောင်းကောင်းရဖို့ မစွမ်းဆောင်ပေးနိုင်ဘူး။ အဘရဲ့ ဂုဏ်သိမ်အရှိန်အဝါတွေက ဘဝကူးကောင်းဖို့ Heaven မှာ Hotel Booking ကောင်းကောင်း ချိန်မပေးနိုင်ဘူး။

ဒီနေရာဟာ ရာထူးဂုဏ်ဖြပ် အရေခွံတွေ ခွာချထားတဲ့ လူ့ကိန်းရင်းတွေရာဌာနပါ"

"လေးပေ ခြောက်ပေ နေရာ မရောက်ခင် လူတိုင်းဒီမှာ ခဏ တည်းခို ရပါတယ်။ နားလည်ပေးပါ"

"တကယ်တော့ အဘရယ် ကျွန်တော်တို့ ခန္ဓာတွေက သေမင်းဆီက ပုတ်ပြတ်နဲ့ ယာယီငှားထားတဲ့ အငှားခန္ဓာပါ ဘယ်ရက် ဘယ်နှစ်အထိ ခံနိုင်မယ်ဆိုတဲ့ Warranty သက်တမ်း မပါဘူး"

"ဒီနေ့မနက် ပျော်နေပေမယ့် ညနေ သေမင်းခေါ်ချင်ခေါ်မယ် အဲဒီအချိန်မှာ ဘဝရဲ့ အရေးအကြီးဆုံးဖြစ်တဲ့ ဝင်သက်ထွက်သက်လုပ်ငန်းကိုတောင် တိခနဲ ရပ်ပစ်ခဲ့ရတာပါ။ ဘယ်သူမှ ငြင်းခွင့် မရှိဘူး"

"ကုသိုလ်အားကြီးမားရင်တော့ မြင့်မြတ်တဲ့ ဘုံဘဝကို ရှားရှားပါးပါး Jump Promotion နဲ့ ရောက်နိုင်ပါတယ် အဘ မကောင်းမှု အကုသိုလ်များရင်တော့ steep demotion နဲ့ အောက်ဆုံးဘုံဘဝကို ပြုတ်ကျတတ်ပါတယ်။"

လူ့ဘဝမှာ ပြုခဲ့တဲ့ ကောင်းမှုကုသိုလ်လေးနဲ့ ထပ်တိုးခွင့် တင်နေလို့သာ ဘဝ Extension လေးရနေကြတာပါအဘ ရယ် ထပ်တိုးခွင့်ကုန်ဆုံးရင်တော့"

"ငါကြောက်တယ် ကောင်လေး"

"မကြောက်ပါနဲ့ အဘ ဒါနဲ့ အဘ အသက်ရှင်တုန်း ကောင်းမှုတွေ စွမ်းသလောက် လုပ်ခဲ့ဖူးတယ် မဟုတ်လား"

မေးတော့ ခေါင်းလည်းမညိတ် ခေါင်းလည်းမခါ အတွေး တစ်ခုဖြင့် မျက်ရည်သာ ပိုးပိုးပေါက်ပေါက် ကျနေလေသည်။

"ဒီလိုလုပ်ကောင်လေး မင်းကို ဘဘ Bonus ပေးမယ် Tip Money လည်းပေးမယ် ငါ့လုပ်ငန်းတွေမှာ မင်းလိုချင်တဲ့ ရာထူးပေးမယ်။ ကုန်ကုန်ပြောမယ် ငါပိုင်ဆိုင်တဲ့ အထုပ်တွေ မျှပေးမယ်ကွာ ငါ့ကို ကယ်ပါကောင်လေး"

"ကံကြမ္မာကို လာဘ်ထိုးလို့ မရဘူးအဘ"

"မနက်ဖြန်သွားမယ့် Special Excursion အတွက်

အထုပ်တွေ ပြင်ဆင်ထားပေတော့ အဘရေ… ဗိုက်တွေ အာဏာ ပါဝါတွေ ရတနာထုပ်တွေကတော့ အပုပ်နံ့လေး တစ်ချက်မထွက် အောင် ယင်ကောင်လေးတစ်ကောင် မနားအောင်တောင် စွမ်းဆောင် မပေးနိုင်ပါဘူး”

အဘ ထုပ်ခဲ့တဲ့ ဒါန သီလ ဘာဝနာထုပ်ကပဲ အဘကို ကယ်ထုတ်သွားမှာပါ”

Have a nice trip A Ba။

## သချိုင်း

အချိန်တန်တော့ ဒါပါပဲ
လှပလွန်းလို့လည်းမပြောင်း
ပစ္စည်းဥစ္စာပေါလို့လည်း ဘက်မလိုက်သလို
ဉာဏ်ပညာကြီးလို့လည်း အရေးမပေးပါဘူး
အလှမာန်တက် နေဂုဏ်ပက်လို့
ပညာဉာဏ်ရစ် နေခဲ့ရင်
အချိန်တိုင်းတွက် နှမျောစရာပါ
တစ်ဘဝတွက် ငှားထားတဲ့ခန္ဓာ
အချိန်တန်တော့ ပြန်အပ်ရမယ့် နေရာ။

မိုးကြာဆွေစာပေ

ခင်ဗျား ဘာသိလဲတော့ မသိဘူး
ကျွန်တော်ကတော့ ဘာမှမသိသေးဘူး
ဒါနဲ့ပဲ… ဘာမှမရှိဘဲ သွားရတော့မယ်
နှုတ်ခွန်းပါပဲဗျာ…။



သေကာနီးမှ ဘုရားကယ်ပါ

တရားကယ်ပါလို့ ညည်းမနေနဲ့။

ဘဝကြီးက ခင်ဗျားကို အချိန်တွေအများကြီး

ပေးခဲ့သားပဲ....။



မိဟာဆွေစာပေ

အခု... ခင်ဗျားကိုက်စားနေတဲ့
ကြက်ပေါင်ကြော်ကြီး နေရာမှာ
ခင်ဗျားရဲ့ ပေါင်ဖြစ်နေရင် ဘယ်လိုနေမလဲ...။
စဉ်းစားကြည့်ဦးမလား...။



မဟာဆေးစာပေ

လူတွေကိုမြှုပ်နေတဲ့ သင်္ချိုင်းကြီးကိုတော့
ကြောက်ကြတယ်။

သားတွေငါးတွေကို မြှုပ်နေတဲ့
ခင်များပါးစပ်သင်္ချိုင်းကြီးကိုရော
ခင်များမကြောက်ဘူးလား။



မဟာဆွေစာပေ

ခင်ဗျားအခု လုပ်နေတဲ့ အလုပ်တွေဟာ

၁။ ကိုယ့်အတွက်လား

၂။ သူ့အတွက်လား

၃။ ကိုယ့်အတွက် သူ့အကျိုးလား

၄။ သူ့အတွက် ကိုယ့်အကျိုးလား

ခွဲခွဲခြားခြား ခင်ဗျားပြောကြည့်စမ်းပါ။



ဘာမှမဖြစ်သေးခင်

ဖြစ်မှာမဟုတ်ဘူးလို့တွေးပြီး

ရပ်တန့်လိုက်ရင်...

သေချာတယ်...

ခင်ဗျားပြောတဲ့အတိုင်းပဲ...။



ခင်ပျားနဲ့အတူ မနေချင်လို့

သူ့သဘောနဲ့သူသွားတဲ့...

ခင်ပျားရဲ့ချစ်ခင်ရသူတွေအတွက်

ဘာဖြစ်လို့ ငိုနေတာတုန်း...

ခင်ပျားကိုယ်တိုင်ကကော

နေရမယ်ထင်လို့လား။



မိတ်ဆွေစာပေ

တကယ်လို့များ…

ခင်ဗျား ချစ်တဲ့သူတွေကို ချစ်တာမှန်ခဲ့ရင်
သူတို့သေပြီးလို့ ခုနှစ်ရက်ကြာတဲ့အခါ
သူတို့နဲ့ဖက်ပြီးတော့ တစ်ညလောက်
အိပ်ကြည့်ပါဦးလား…
ဘယ်လိုလဲ…။



တကယ်လို့များ
ဒီလိုဖြစ်ခဲ့မယ်မှန်း သိခဲ့ရင်
ခင်ဗျားကကော... ဒီလိုလုပ်ပါဦးမလား။
အဲဒါမှတ်ထား...
အနုတ္တ... ဆိုတာ အဲဒါပါပဲ။



ခင်များလက်ထဲမှာ ငွေတစ်သောင်းရှိလို့
ဝမ်းနည်းမနေပါနဲ့။ အခုနေ သိန်းတစ်သောင်း
လောက် ရကြည့်စမ်းပါ။

ခင်များ ဝမ်းသာရမယ်ထင်သလား။ ပူပန်
ရမယ့်ဒုက္ခတွေနဲ့ မတန်ပါဘူး။

ရှိတာနဲ့ဖြစ်အောင် နေစမ်းပါ။

အဲဒါ... ချမ်းသာမှုပဲ...။



ဒီမှာ...
မနက်ဖြန်အတွက်
ဒီနေ့ရှိသေးတယ်
နောက်မကျသေးဘူး။
ဒီနေ့အတွက်
ဒီနေ့မရှိတော့ဘူး...။



မိုးတေဆောင်စာပေ

ခင်ဗျားမွေးလာတုန်းက...

ခင်ဗျားက ငိုပြီး

တစ်လောကလုံးက ရယ်နေကြတယ်။

ခင်ဗျားသေသွားတဲ့အခါ

ခင်ဗျားကရယ်ပြီး

တစ်လောကလုံးက ငိုနေရစ်ကြပါစေ။

ဘာဖြစ်လို့လဲ သိလား...။



ခင်ဗျား ဘယ်ကလာတယ်ဆိုတာ
သိပ်အရေးမကြီးဘူးမိတ်ဆွေ။
ဘယ်ကိုသွားမှာလည်းဆိုတာသာ
သိအောင်ကြိုးစားထား...။
ဒါ... ခင်ဗျားအတွက်ပဲ...။



ဘာတွေ ဘယ်လိုပျက်မလဲ ပျက်စမ်းပါစေ။

ကျန်းမာရေး ပျက်မလား။

စီးပွားရေး ပျက်မလား။

ပျက်ချင်တာတွေ ပျက်ပါစေ။

အရေးကြီးတာက စိတ်မပျက်ဖို့ပဲ…။

စိတ်ပျက်ရင်တော့

ခင်ဗျား ဘဝပျက်ပြီပဲဗျို့…။



ကိုယ်ပျက်လို့ မရှုးဘူး။
ခြေတွေ လက်တွေ ပျက်လို့ မရှုးဘူး။
စိတ်ပျက်ရင်တော့
ရှုးပြီပဲ မှတ်သာထား...။



မိတ်ဆွေစာပေ

ဒါလေးပေးပါ

ဟိုဟာလေးဖြစ်ရပါလို့ ဆိုပြီး

ဘဝမှပြတ်နိုင်တဲ့

ဆုတောင်းနေမယ့်အစား

ခင်များလုပ်ရမယ့် အလုပ်တွေသာ


ဆက်လုပ်နေရင် မကောင်းဘူးလား...။



ပစ်သွားရခါနီးရောက်မှ
"ငါ့" မဟုတ်ပါလားလို့
သိပြီး ငိုနေလို့ကတော့...
အပိုပါပဲ... ကိုယ့်လူရေ...။



ခင်ဗျားဖြစ်ချင်သလို မဖြစ်ဘူး။
သူဖြစ်ချင်သလို ဖြစ်နေတာ...
ခင်ဗျားပျက်စေချင်သလို မပျက်ဘူး။
သူပျက်ချင်သလို ပျက်နေတာ...
အဲ့ဒါ မှတ်ထား...



အမှောင်မိုက်မှာ
အချောင်နှိုက်ပြီး
ပြောင်ရိုက်နေတာက
အကျသိလ်တရား
အဲဒါမှတ်ထား...။



လူဆိုတာ ငိုပြီး မွေးလာတာပါ။
အားရပါးရ ဝအောင် ငိုစမ်းပါ။
မွေးကတည်းက ငိုလာရတာ
ခင်ဗျားသေရင် ခင်ဗျားအတွက်တောင်
သူများက ဝိုင်းကူပြီး ငိုပေးကြအုံးမှာ
ကြွပ်ကြွပ်ငိုထား…
ဒါမှ ခံနိုင်ရည်ရှိမှာ…။



အလကား

လိုချင်ရင်တော့

ခင်ဗျား...

အလကားဟာပဲရမယ်။

သဘောပေါက်...။



မိတ်ဆွေစာပေ

လူဖြစ်ချင်တယ် မဟုတ်လား။

လွယ်လွယ်လေး ခင်များခန္ဓာကိုယ်ထဲက

မီး ၁၁ မီးသာ ငြိမ်းအောင်လုပ်

မီးသတ်မလိုဘူး

ခင်များလူဖြစ်ပြီ... ရှင်းတယ်ဟုတ်...။



ခင်ဗျား သူ့ကို လူချင်းပြိုင်စမ်းပါ။

လုပ်ငန်းချင်း ပြိုင်စမ်းပါ။

ငွေချင်းပြိုင်စမ်းပါ။

စွမ်းရည်ချင်း ပြိုင်စမ်းပါ။

ရပါတယ်။

အတိတ်ကပါလာတဲ့

ကံကြမ္မာကိုတော့ မပြိုင်နဲ့

မရဘူး... ဆောရီးပဲ...။



ဘယ်နှယ့်
ဘုရားကို နိဗ္ဗာန်ရဖို့ ဆုတွေ
တောင်းနေတာတဲ့။
တောင်းမနေနဲ့ မရဘူး။
လုပ်မှရမှာ မယုံရင်လုပ်ကြည့်
နိဗ္ဗာန်က ခင်ဗျားနောက်ကျောမှာ
ကပ်နေတာ...။



ခင်ဗျားမှာ...
ကိုယ်၏ဆင်းရဲခြင်းနဲ့
စိတ်၏ဆင်းရဲခြင်းအပြင်
တခြား ဘာဆင်းရဲစရာများ
ထပ်ရှိသေးလို့လဲ...။



မကောင်းတာကိုတော့

ကြိုးစားပမ်းစား ချွေးထွက်သံယို

လုပ်နေလိုက်ကြတာ…။

ကောင်းတာလေး…လုပ်ဖို့ဆိုရင်တော့

နေပါဦးဗျာ… ငယ်ပါသေးတယ်တဲ့…။



သူများတွေကို ကြည့်ပြီး
သွားသနားမနေနဲ့။
ကိုယ့်ကိုယ်ကိုယ် အရင်
ဝအောင် သနားကြည့်စမ်းပါဦး...။
ကျွတ်... ကျွတ်...



တစ်ကျပ်ဖိုးလောက်လှူပြီး
တစ်ထောင်ဖိုးလောက်ဆုတွေ
ပြန်တောင်းမနေနဲ့
ငွေတစ်ကျပ်နဲ့ ငါးကြင်းခေါင်း
ကိုင်လို့မရဘူး။
ပေးသလောက်ပဲ ပြန်ရမှာ
ခင်များ သိထား...။



သူသည် "ငါ" မဟုတ်

မင်းလည်း "ငါ" မဟုတ်

ငါလည်း "ငါ" မဟုတ်

မဟုတ်တာလဲ

ဘာမှမဟုတ်ဘူးဗျား ရှင်းလား။



ကဲ... မိတ်ဆွေ
ကျွန်တော်တို့လူ့လောကကို
ဘာလာလုပ်တာလဲ။
ကျွန်တော်တို့ဘဝရဲ့
တန်ဖိုးက ဘာတွေလဲ။
ဘာတွေချန်ထားခဲ့မှာလဲ
ခင်ဗျားကရော ဘယ်လိုလူစားမျိုးလဲ။



မလိုက်ချင်လည်း ခေါ်မှာပဲ။

နေချင်လို့လည်း မရဘူး။

သွားရမှာပဲ။

သက်သက်သာသာ သွားချင်ရင်

လိမ်လိမ်မာမာ နေ။

ဒါပဲ...။



သေချင်တဲ့ အချိန်မှာ
ဘယ်တော့မှ မသေဘဲ
သိပ်နေချင်တဲ့ အချိန်ကျမှ
သေရတာဟာ သခ်ီရသဘောပဲ။
ခင်ဗျား မြဲမြဲမှတ်ထား…။




ပန်းအိုးထဲက မြေကြီးတောင်
မပိုင်တဲ့ဘဝမို့
ခင်ဗျား အပူအပင်ကင်းနေတာပါ။
ဈေးနားနီးနီး တိုက်ကြီးသာ
ခင်ဗျားပိုင်ကြည့်ပါလား။
ခင်ဗျား... အပူတွေ
ဝိုင်းနေလိုက်မယ့်ဖြစ်ခြင်း။



မိတ်ဆွေစာပေ

အလုံးစုံ ပြည့်စုံလို့
ဟန်ကျပြီလို့ မထင်လိုက်နဲ့နော်
အလုံးစုံကို
မတုန်မလှုပ် ခံနိုင်တဲ့ အခါကျမှ
တကယ် ဟန်ကျမယ်မှာ။
မှတ်ထား...။



သတိ... ရဲဘော်တို့

ရန်သူစခန်းနဲ့ နီးလာပြီ။

တစ်ယောက်တည်းသွားရမယ်

တစ်ယောက်မှမလိုက်ဘူး။

တစ်ခုမှမပါဘူး မှတ်

သတ္တိရှိတဲ့ကောင်

လက်ညှိုးထောင်။



တရားကို မကိုးကွယ်ဘဲ
စာအုပ်ကို ကိုးကွယ်နေလို့
တရားမရတာပါ။
တရားကိုသာ တကယ်
စမ်းစမ်းပေါက်ပေါက် ရှာကြည့်စမ်းပါ။
အခု တစ်ထိုင်တည်းနဲ့ တရားရတယ်။



မကောင်းမှုဆိုတာ
လုပ်နေတုန်းသာ ကောင်းပြီး
ခံရတဲ့အချိန်မှာ
အရူးဟားရား ခံရတတ်တယ်။



လုံးဝကောင်းတဲ့လူနဲ့
လုံးဝမကောင်းတဲ့လူဆိုတာ
ဟောဒီလောကကြီးမှာ
မရှိဘူး...။



မိတ်ဆွေစာပေ

လုံးဝကောင်းတဲ့လူနဲ့
လုံးဝမကောင်းတဲ့လူဆိုတာ
ဟောဒီလောကကြီးမှာ
မရှိဘူး...။



အချိန်မကျရင်

ဘယ်သူချွတ်လို့မှ မကျွတ်ဘူး။

အချိန်ကျရင်

ခင်ဗျားအလိုလို

ကျွတ်သွားလိမ့်မယ်။



ဒုက္ခ ခံပြီး
ဘယ်မှာမှ တရားသွားရှာမနေနဲ့။
စရိတ်ထောင်းတယ်။
တရားက ခင်များကိုယ်ထဲမှာ
အသိ သတိ ဆိုတဲ့ မှန်နဲ့ကြည့်
ဘယ်မှ သွားရှာစရာမလိုဘူး။



အနိစ္စ... အနိစ္စ... ဆိုပြီး

အနိတ်တွေပဲ စား

အနိတ်တွေပဲ ဝတ်မနေနဲ့တော့။

တကယ်ဆို အနိစ္စနဲ့ ခင်ဗျား

ဝေးနေဦးမှာပါပဲဗျား...။



မြွေပွေးကို ခါးပိုက်ပိုက်ထားတဲ့သူကို
မြင်ဖူးရဲ့လား။

အားပါး... အဲဒါ ခင်ဗျားလေ

ဒါလေးက ငါ့ဟာ...။

ဒါကို ငါသည်းမခံဘူး။

ငါ့ကို ဘာကောင်ထင်နေတာလဲ။

ဆိုပြီး မြွေပွေး (၃)ကောင်ကို ခင်ဗျား
ပိုက်ထဲမှာ မျိုထားတာ။

အဲ့ဒါ... ခင်ဗျားပဲပေါ့...။



ဘာ အခုမှ ကြောက်ပါပြီလဲ...
လှေကားထိပ်ရောက်တုန်းက
ခင်ဗျား ဘယ်သူ့ကို သတိရခဲ့လို့လဲ...
ခြေလွတ်လက်လွတ် ပြုတ်ကျတော့မှ
ပါးစပ်က အမလေးလို့
ဘုရား 'တ' လို့ ရပါမလား...
သေလိုက်။



မိတ်ဆွေစာပေ

လာတုန်းက တစ်နေရာထဲက

သွားတော့လည်း တစ်နေရာထဲကို

ဒါနဲ့များ


ဟိုနေရာ ဒီနေရာ ဟိုဟာ ဒီဟာ

ငါ့ဟာ... ဆိုတာ

ဟုတ်ပါ့ဦးမလား...။



ဟိုဟာ ငါ့ဟာ
ဒီဟာ ငါ့ဟာ ဆိုပြီး
စွဲလမ်းလွန်းတဲ့ ခင်ဗျား
သေရင် ဘာဖြစ်မယ်ထင်သလဲ...။
ထင်ရှုမှာကိုတောင် ကြောက်လွန်းလို့ပါ။



မိတ်ဆွေစာပေ

ကားတိုက်မှာလည်း ကြောက်တာပဲ။
ကျားကိုက်မှာလည်း ကြောက်တာပဲ။
ဒါတွေထက်ကြောက်စရာကောင်းတဲ့
ခင်များရဲ့စိတ်က
ခင်များကို သတ်နေတာ
ဘာဖြစ်လို့ ပြုံးပြုံးလေးခံနေရတာတုန်း။



ကဲ… တရင်းကောက်ကြည့်စမ်း
ခင်ဗျား သေရင် ခင်ဗျားနောက်
ဘယ်သူတွေလိုက်မလဲလို့
ဘယ်လိုက်လိမ့်မလဲ
ခင်ဗျားကသာ မိုက်လို့
ငါ့ဟာ… လို့ ထင်နေတာ…။



ကိုယ့်ဒုက္ခ
ကိုယ်မရှာနဲ့...။
အဲဒီဒုက္ခတွေက
နဂိုကတည်းက
ခင်ဗျားမှာ ရှိပြီးသား။



မက်မောနေတာလား....။
မက် လိုက်တာနဲ့
ခင်ဗျား မောပြီသာမှတ်။
ဆက်တိုက်သာ ငိုပေတော့...
ကိုယ့်လူရေ...။




အမြတ်တကာ့
အမြတ်ဆုံးထဲမှာ
စိတ်ထားမြတ်တာ
အကောင်းဆုံးပါ။



မိတ်ဆွေစာပေ

ခြေဖျားနဲ့ ခြေဖမိုးကြားမှာ
အသက်တွေ အများကြီး ရှိနေတာ
ခင်ဗျား သတိထားမိရဲ့လား။
မယုံရင် ခင်ဗျားလျှောက်ခဲ့တဲ့
လမ်းကို ပြန်ကြည့်လိုက်...။



မိတ်ဆွေစာပေ

ဖြစ်မှ လုပ်တာထက်
လုပ်မှ ဖြစ်မယ်ဆိုတာ
သတိထားပါ။



လောကကြီးမှာ

မြင်ဝတဲ့အသိနဲ့ မကြည့်နဲ့။

ပညာအသိနဲ့ ကြည့်တတ်သွားရင်

နိဗ္ဗာန်ဟာ

ခင်ဗျားပင်နားမှာ ကပ်နေပါလား

ဆိုတာ တွေ့လာလိမ့်မယ်။



မကြီးကျယ်နဲ့
ခင်ဗျားလုပ်ကြွေးလို့
ခင်ဗျား ဇနီး သားသမီးတွေ
စားနေရတာ မဟုတ်ဘူး။
သူတို့အကြွေးကို ဆပ်နေရတာ
ခင်ဗျား ပြုံးပြုံးကြီးခံလိုက်...။



မွေးတုန်းက ပါလာတာ မဟုတ်တဲ့
ဟောဒီအိမ် ဟောဒီစည်းစိမ်
သားသမီး၊ ဇနီးမယား အတွက်
ဘာမှ ပူမနေနဲ့…
သေတဲ့အခါ ဘာမှ ပါမှာမဟုတ်ဘူး။
သူတို့အကုန်ယူလိမ့်မယ်။
ခင်ပျားကသာ မိုက်လို့…။



အများကို ကျွတ်အောင် မချွတ်နဲ့။
ခင်ဗျားကိုယ့်ကိုယ်ကိုယ်
အရင်ချွတ်နိုင်မှ
ကျွတ်မှာနော်…။



ကိုယ့်ကိုယ်နဲ့ သူများစိတ်
ထားတတ်တဲ့ တစ်နေ့မှာ
ခင်ဗျား... ကိုလေသာထောင်က
လွတ်ငြိမ်းချမ်းသာခွင့်
ရပါပြီ...။



မိတ်ဆွေစာပေ

နာခေါင်းဖော်ပြီး
ရေတိမ်နစ်နေတဲ့
ခင်များ ဘယ်တော့
ကမ်းပေါ်ရောက်လာမှာလဲ...။



မိတ်ဆွေစာပေ

ဒုက္ခဘေးဆိုတာ

ဘယ်တော့မှရှေ့ကမလာဘူး။

ဘေးကပဲ လာတတ်တာ...။

ဒါကြောင့် ခင်ဗျားဘေးက

ပတ်ဝန်းကျင်ကို

အမြဲသတိထား...။



ကောင်းတာလုပ်ရဲ့သားနဲ့
မကောင်းတာ ဖြစ်ရတာက
ဝဋ်ကြွေးဆပ်နေရတယ်မှတ်
ဒါမှ
စိတ်အေးချမ်းသာမယ်။



မနေ့က
အရက်သမားဖြစ်တာနဲ့
ဒီနေ့ ပုတီးမစိပ်ရဘူးဆိုတာ
မဟုတ်ဘူး။
မနေ့က ဘာပဲဖြစ်နေနေ
ဒီနေ့ကောင်းဖို့ အဓိကပဲ...။



ငြီးငွေ့ပျင်းရိတာ
ထိတ်လန့်ကြောက်ရွံ့တာ
အမျက်ဒေါသထွက်တာ
ဒီ ၃ ချက်ရှိနေလို့
လူတွေ သက်တမ်းတိုနေတာ
ခင်ဗျားလဲ သတိထား...။



ဒါလေးလည်း ဇိမ်ပဲ
ဟိုဟာလေးလည်း ဇိမ်ပဲ ဆိုပြီး
ကျေနပ်မနေနဲ့...။
ခင်ဗျားကို အဲဒီဇိမ်တွေက
ဘောလီဘော ပုတ်နေတာကို
ခင်ဗျားသိတဲ့နေ့မှာ
ခင်ဗျားသိပ်နောက်ကျသွားပြီ။



ဒုက္ခကို ဘယ်မှ လိုက်ရှာမနေနဲ့.
ဒုက္ခက ခင်ဗျားကို
သံသရာတစ်ခုလုံးမှာ
တက်ပြီးခွစီးနေတာ
မမြင်သေးပဲကိုး...။



မိတ်ဆွေစာပေ

နိဗ္ဗာန်ကို

ရလိုပါ၏ဘုရား လို့ ဆိုတာထက်

နိဗ္ဗာန်ကို

ရအောင်လုပ်နေပါ၏ဘုရား လို့

ဆိုတာက ပိုပြီးတော့

အကျိုးမရှိပေဘူးလား...။

ကဲ... ပြောင်းဆိုကြည့်။



ခင်ဗျား တရှိုက်မက်မက်
နမ်းလိုက်တဲ့ နှုတ်ခမ်းဖူးဖူးလေးက
ခင်ဗျားကို လူ့ဘဝကနေပြီး
တိရစ္ဆာန်ဘဝကိုရောက်အောင်
တွန်းပို့နေတယ်ဆိုတာ
မသိသေးဘဲကိုး...။



ငါဆိုတဲ့
အစွဲပြုတ်ရင်
တဲကုတ်ဟာလည်း
နန်းတော်ပါပဲ။



မိတ်ဆွေစာပေ

ဒီလိုဖြစ်ချင်ရင်
ဒီလောက်တော့ လုပ်ရပါလိမ့်မယ်။
ဖြစ်အောင်လုပ်တာထက်
လုပ်ဖြစ်သွားဖို့က အရေးကြီးတယ်။



မလွယ်တာတွေ့ရင်
ပိုခက်တဲ့
တခြားဘဝတွေကို
ငဲ့ကြည့်ပါဦး...။



မိတ်ဆွေစာပေ

သွေးစစ်ဖို့
လက်ချောင်းထိပ်ကို
အပ်နဲ့ဖောက်တာ နာမှန်းသိရင်
သူများလည်း ငါ့လိုပဲဆိုတာ
ခင်များ မှတ်ထားပါ။



မဟာဆွေစာပေ

သွားမှ ရောက်မယ်။

သင်မှ တတ်မယ်။

လုပ်မှ ရမယ်။

ဆင်မှ လှမယ်။

သိမှ ရှိမယ်။

ထိုင်နေရင်တော့

ဘာမှဖြစ်မလာဘူး။



ခြစ်ချက်ခြစ်ချက် နာရီသံကို
ဖြစ်ပျက်ဖြစ်ပျက် သင်္ခါရမြည်သံလို့
နားထဲမှာ စွဲမှတ်ထား
အဲဒါဆို ခင်ဗျား...
ဘယ်တော့မှ အပါယ်မလားဘူး။



မကောင်းတဲ့စိတ်ဟာ
မကောင်းတဲ့ဘက်ကို ပို့ပေးပြီး
ကောင်းတဲ့စိတ်ဟာ
ကောင်းတဲ့ဘက်ကို ပို့ပေးပါတယ်။
ခင်ဗျား ဘယ်လမ်းကို
သွားချင်သလဲ... ပြောကြည့်။



လူမိုက်တကာ့ လူမိုက်ထဲမှာ
ကိုယ့်လောက်မိုက်တဲ့ လူမိုက်
မရှိပါလားလို့ သိလာတဲ့တစ်နေ့
ခင်ဗျား…
လူမိုက်ဘဝက လွတ်သွားပြီ။



မှားတယ်ဆိုတာ မမှန်လို့ဘဲ…။

မှန်တယ်ဆိုတာ မမှားလို့ဘဲ…။

အဖြေကရှင်းပါတယ်။

ခင်ဗျား မှန်နေလား

မှားနေလား…။



တစ်ခါခြေချော်သွားရင်
ဒုံးဒုံးကိုမြုပ်တော့တာပဲ။
ခြေမချော်ပါစေနဲ့။



ဖြစ်လာသမျှ အားလုံးဟာ
ပျက်ရမှာချည်းပဲ။
ပျက်ဖို့ ဖြစ်လာတာကို
ဘာများစိုးရိမ်နေတာတုန်း။



သိပ်မချစ်နဲ့ ပစ်သွားမှာပဲ။
သိပ်မမက်နဲ့ ပျက်သွားမှာပဲ။
သိပ်မပူနဲ့ ယူသွားမှာပဲ။



ဘဝပြတ်ဖို့
ကြပ်ကြပ်သတိထားပါ။
ထပ်ထပ်လုပ်ရမှာက
ဖြစ်ပျက်ကိုပါ။



သူများက ကိုယ့်အပေါ်
ကောင်းဖို့ထက်
ကိုယ်က သူများအပေါ်
ကောင်းဖို့ ကြိုးစားပါ။



မိတ်ဆွေစာပေ

ဖြစ်နေတုန်းက သတိမရဘဲနဲ့
ပျက်ကာနီးမှ ဘုရားကိုသတိရလို့
ဘုရားကကော...
ဘာလုပ်ပေးနိုင်ဦးမှာလဲ...




ရှန်ဘူမျိုးငါးပါးဆိုတာ သိလား

မှတ်ထား

ပါးစပ်ရှယ်၊ မျက်စိရှယ်၊ နှာခေါင်းရှယ်၊

နားရှယ်၊ စိတ်ရှယ် ပါပဲ။



မြေကြီးက အားလုံးရဲ့

အနင်းခံပါ။

ခင်ဗျားဘဝက မြေကြီးလောက်

မဆိုးသေးပါဘူး။

ဒါနဲ့များတောင် ဘာဖြစ်လို့

ဒီလောက်

စိတ်ဓာတ်ကျနေရတာတုန်း။



နဂိုဒုက္ခတွေမှ ခံလို့မဝသေးဘူး။
အပိုဒုက္ခတွေ ထပ်စုနေတော့
ဘယ်တော့ ဒီသံသရာဝဋ်က
ကျွတ်တော့မှာလဲ... ဗျာ...။



ခင်ဗျားအပေါ်
သိပ်ကောင်းတယ်ဆိုတဲ့
ခင်ဗျားအပေါင်းအသင်းအပေါ်
ခင်ဗျားမကောင်းတဲ့အချိန်မှာ
ခင်ဗျားအပေါ် တကယ်ကောင်း
မကောင်း သိရပါလိမ့်မယ်။



လူကြီးလူကောင်းဖြစ်ဖို့ထက်
စိတ်ကြီးစိတ်ကောင်းထားနိုင်ဖို့က
ပိုပြီး အရေးကြီးပါတယ်။



စုရမှာက တစ်ခု
စုနေတာက တစ်ခု
ပါလာမှာက တစ်ခု
ချန်ထားခဲ့ရမှာက တစ်ခု
စုတာများနေရင်တော့
အင်း... ဒုက္ခပါပဲဗျာ...။



ဘဝတာ တိုတိုမှာ
အရသာချိုချိုမှာချင်ရင်
ဘာကိုမဆို
ခွင့်လွှတ်ကြည့်စမ်းပါ
လုံးဝ ဂွတ်တယ်။



ဘယ်တော့ဖြစ်မလဲ

ဘယ်လိုဖြစ်မလဲ

ဘယ်လောက်ဖြစ်မလဲ

ခင်ဗျားတွေးမနေနဲ့

မှတ်ထား...

ကိုယ်ဖြစ်ချင်သလို မဖြစ်ဘူး

သူဖြစ်ချင်သလို ဖြစ်မှာ...



မိတ်ကိုလုံခြုံအောင်
ထိန်းထားနိုင်ရင်
လှူရော ပါးစပ်ပါ
လုံခြုံသွားလိမ့်မယ်။
မိတ်ကို မလုံခြုံရင်တော့
ခင်ဗျား... အားလုံးလွတ်နေမှာပဲ။



လူချမ်းသာတာထက်
စိတ်ချမ်းသာတာက
ပိုကောင်းတယ်ဆိုတာ
ခင်ဗျားခုထိ မသိသေးပဲကို...။



စားရ၊ အိပ်ရ၊ မေထုန်မှီဝဲရရုံနဲ့
ပြည့်စုံပြီလို့ မထင်လိုက်နဲ့ကိုယ့်လူ။
အခုမှ ဒုက္ခကစတာမှတ်။
တကယ့်ပြည့်စုံမှုက
အဲဒါတွေရဲ့ လွတ်မြောက်မှုပဲ…။



"ငါ" ကိုယ်တိုင်က

"ငါ့" ကို မကောင်းနိုင်သေးလို့.

"ငါ" ကို "ငါ" က မစွန့်သေးတာပါ။

ကင်းလိုက်တာနဲ့.

ခင်ဗျားကြည့်နေ

ထောက်ခနဲ့ ပြတ်တယ်။



လောဘဟာ ထွက်လာပြီးရင်
ပြန်မဝင်တော့ဘူး။
လူကို ဒုက္ခပေးပြီးမှ
လောဘက အနားယူတတ်တာ...။



ကြိုက်သလောက် မြန်မြန်ပြေး
ညောင်းတဲ့အခါ ထိုင်ရမှာပဲ...။
ဖြစ်ချင်သလိုဖြစ်
ပျက်တဲ့အခါ ပြုတ်မှာပဲ...
မသိလို့ သာယာနေကြတာပါ။



သူသိတဲ့ တရားနဲ့
ကိုယ်သိတဲ့တရားက
တူတာမဟုတ်ဘူး။
ကိုယ့်အိုးနဲ့ ကိုယ့်ဆန်
တန်ရုံပဲ ဖြစ်တတ်ပါတယ်။



မိတ်ဆွေစာပေ

ခင်ဗျား မှတ်ထား
စိတ်တစ်လုံးနိုင်ရင်
အကုန်လုံးပိုင်တယ်။



မိတ်ဆွေစာပေ

မေတ္တာပို့တယ်ဆိုတာ
ကိုယ့်နှလုံးအိမ်ထဲမှာစုထားတဲ့
မေတ္တာကို ပေးပို့မျှဝေနိုင်မှ
မေတ္တာရနိုင်တာ
ဝမ်းထဲမှာ မေတ္တာမရှိရင်
ဘယ်သူ့ကိုမှ မေတ္တာပို့လို့ မရနိုင်ဘူး။



တကယ်လို့

ခင်ဗျားကိုသူ့မျှားက

ပါးတစ်ချက်ရိုက်လိုက်လို့

ခင်ဗျားခံလိုက်ရပြီဆိုပါတော့

ဘယ်သူက  အောင်နိုင်ခြင်းအစစ်လဲ

စဉ်းစား...။



မိုက်ဆွေစာပေ

ဂျုံမှုန့်တုန်းက ဘယ်သူမှမသိပေမယ့်
ပေါင်မုန့်ဖြစ်လာတော့
နည်းနည်းသိလာတယ်။
ကိတ်မုန့်လည်းဖြစ်သွားရော
အများက တန်ဖိုးထားလာကြရော
ကိတ်မုန့်ဘဝကနေ
ပါးစပ်ထဲရောက်တော့
ပျောက်သွားတာပဲ
လူ့ဘဝဆိုတာလဲ ဒါမျိုးပဲ...။



ခင်ဗျားလုပ်သမျှ အားလုံးဟာ
ခင်ဗျားရဲ့ သမိုင်းတွေပါ။
အရိပ်က လူ့ကို ဖနောင့်နဲ့
ပေါက်တာမျိုးတော့ မဖြစ်ပါစေနဲ့။






မိုက်ဆွေတာပေ

ခုလောလောဆယ်

နားထောင်ပေးရင်ပြီးရောဆိုပြီး

လိမ်ပြောချင်ရင် အလိမ်ပေါ်တဲ့အခါ

ဒီမျက်နှာကြီး

ဘယ်ချောင်ထဲထိုးထားမလဲဆိုတာ

ကြိုစဉ်းစားပြီးမှ လိမ်ပါ။

မလုပ်နိုင်သေးရင် ဒဲ့ပေါ့

လိမ်တော့မလိမ်နဲ့ ...။



ကံဆုံနေသေးလို့သာ
ဆန်ကုန်မြေလေးဖြစ်နေတာပါ။
ခင်ဗျားကို ဒုက္ခပေးပြီး မုချဆွေးရမယ့်
"ငါ"ဆိုတာလေးကို ဖြုတ်လိုက်တာနဲ့
ခင်ဗျား လူမှန် နေရာမှန်
ရောက်သွားပြီ။



လောကမှာ အနေရခက်အောင်
မနေစမ်းပါနဲ့။
ဟောဒီပါးစပ်ကလေးက
လူတောထဲ မတိုးနိုင်အောင်
လုပ်နိုင်သလို
ဘုရားခန်းမှာ နေခွင့်ရအောင်လည်း
လုပ်နိုင်ပါတယ်။



ကိုယ်နဲ့အတူ ပါလာနိုင်မယ့်
ပစ္စည်းတွေကို မယူပဲ
မပါနိုင်မယ့် ပစ္စည်းတွေကို
ဒုက္ခခံပြီး စုနေလို့ကော
ခင်များက ယူသွားနိုင်မယ်ထင်လို့လား။



ပုတီးတစ်ကုံးမှာ '၁၀၈'လုံး

ပါတာကော သိရဲ့လား

၁၀ နဲ့ ၈ ကို ဆိုလိုတာ။

ကိလေသာ ၁၀ပါးဘေးက

ကာယ်နိုင်တာက

မဂ္ဂင် ၈ ပါး ဖြစ်တယ်။



လောဘကြောင့် ပြိတ္တာဖြစ်မယ်
ဒေါသကြောင့် ငရဲခံရမယ်
မောဟကြောင့် တိရစ္ဆာန်ဖြစ်မယ်
ကဲ... ခင်ဗျား
ဘာဖြစ်ချင်တာလဲ။




လုပ်တာပေါ့... လုပ်မှာပေါ့နဲ့
ဘယ်တော့မှ မလုပ်ဖြစ်တော့ဘူး။
မလုပ်ဖြစ်တာနဲ့ပဲ
ဒုက္ခပြာပုံထဲမှာ
ခင်ဗျား လူးပေးနေတော့မှာပဲ
လူမိုက်ကြီးရေ...။



သူများက ကိုယ့်ကို ကဲ့ရဲ့တဲ့အခါမှာ
စိတ်မဆိုးဘဲ ဘာဖြစ်လို့ သူများက ငါ့ကို
ကဲ့ရဲ့သလဲဆိုပြီး
မျက်စိကလေး ဖွင့်ကြည့်လိုက်တာနဲ့
အမှန်တရားကို သိလာလိမ့်မယ်။



ဖြစ်ချင်တာလေးတစ်ခုနဲ့တော့
လိမ်မပြောပါနဲ့...။
အကျင့်ပါသွားရင်
တစ်သက်လုံးလိမ်နေရတော့မှာ
ဘယ်သူမှ လိမ်စရာမရှိရင်
ကိုယ့်ကိုယ်ကိုယ် လိမ်တော့မှာ...။



စိတ်ကို နိုင်ရင်
ရုပ်ကိုပိုင်တယ်
စိတ်ကို မပိုင်ရင်
ရုပ်ပါ ယိုင်သွားဆိမ့်မယ်
ခင်ဗျား သတိထား...။



လက်မ မထောင်နဲ့
ကျန်တဲ့လက်ချောင်းတွေလို
တစ်နေ့ကုတ်သွားရလိမ့်မယ်
ဖြစ်နေတာ အားလုံးက
ပျက်ဖို့ချည်းပဲ မှတ်။




မိတ်ဆွေစာပေ

လုပ်နေသမျှ
စိတ်ကူးနဲ့ လက်တွေ့
ခြားနားနေရတာကတော့
ခင်ဗျားကိုယ်တိုင်က
ခင်ဗျားမဟုတ်လို့ပဲ မှတ်။



လူရှိက်ရဲတာ သတ္တိမဟုတ်ဘူး
လောကဓံတရားကို
ပြုံးပြုံးလေးခံနိုင်တာက သတ္တိပါ။
ကဲ... ခင်ဗျားမှာ
ဘယ်လိုသတ္တိမျိုးတွေ လိုနေတာလဲ။



ပါးစပ်ကို ပိတ်ထားပါ

နားကို ပိတ်ထားပါ


မျက်စိကို ပိတ်ထားပါ

ဒါဆို…

ခင်ဗျားမှာ ရန်သူမရှိတော့ဘူး။



ခု ဒီအချိန်ရှိပြီလို့ပြောပြီး
နောက်လှည့်နာရီကြည့်လိုက်တာနဲ့
ခင်ဗျားပြောတဲ့အချိန်ဟာ
ရွေ့သွားပြီ
အဲဒါ... မမြဲတဲ့တရားပဲ...။




ထောင်းကနဲ ပြတ်သွားတဲ့

တစ်နေ့မှာ

ခင်ဗျားလွတ်သွားပြီမှတ်

ပြတ်မို့ထက် ပြတ်မို့ကြိုးစားရမှာက

သံယောဇဉ်တွေကိုပါ။



လိမ္မာပါတော့...ဆိုလဲ...

ဘယ်သူမှလိမ္မာမလာပါဘူး။

ဘယ်လိုလိမ္မာရမလဲဆိုတာ

သိမှသာ လိမ္မာကြမှာပါ။

ကဲ... ခင်ဗျားကော...

လိမ္မာနေပြီလား...။



သိပ်သိတာပေါ့ဗျာ

မသိချင်ဟန်ဆောင်နေတာပါ

ဆိုပြီး ဟန်ဆောင်လေ

ဒုက္ခရောက်လေဖြစ်မှာ

မသိသေးတော့ ပို ဆိုးတာပေါ့။



ကိုယ်တိုင်ခံစားရမှ

ခံစားရတဲ့အနှစ်သာရကို သိမှာမို့

လွတ်တဲ့ငါးလည်း မကြီးပါစေနဲ့

မစားရတဲ့ စပျစ်သီးလည်း

မချဉ်ပါစေနဲ့...

နောင်တ ဆိုတာ အလကားပါ။



မကောင်းတာလုပ်ရတာ
သိပ်ဇိမ်ရှိတာပဲ
ကောင်းတာလုပ်ရတာ
သိပ်ခက်ခဲပါတယ်။
ကဲ...
ခင်ဗျား ဘာပြောချင်သေးသလဲ။



မိုးထက်ဆွေစာပေ

မကောင်းတာကို  လုပ်နေတဲ့သူဟာ

မကောင်းတဲ့ကံ


အကျိုးမပေးမချင်းတော့

သာယာပေါ့...။

အဲ...  ခံရပြီဆိုရင်တော့

အလူးအလဲပဲဗျို့။




ဒီအလုပ် လုပ်ဖို့ အောင်မြင်ပါ့မလား
အကျိုးရှိပါ့မလား ကောင်းပါ့မလား ဆိုတဲ့
အလိုရာဂတွေ ရှိနေသရွေ့တော့
အဲဒီအလုပ်က ပျက်သွားပြီလို့သာမှတ်။
Umm..
Hmm
Err...
Uhh.
BLA

ရှိတာနဲ့ နေတတ်ရင်
ရတာနဲ့ ကျေနပ်ရင်
ဘာများ အခက်အခဲ
ရှိဦးမှာလဲ။



ဘယ်အလုပ်မဆို အချိန်အခါနဲ့
အခွင့်အရေးမရမချင်း
အောင်မြင်လေ့မရှိပါဘူး။
အချိန်အခါနဲ့ အခွင့်အရေးရလာတဲ့
အခါမှာ
အောင်မြင်မှုဟာ ဒုံးပျံထက်ပိုပြီး
မြန်မြန်ရောက်တတ်တယ်။



တကယ်မဟုတ်ဘဲနဲ့

ငါ့သီလ၊ ငါ့အလုပ်၊ ငါ့စကား

ငါ့တရား၊ ငါ့အသိ ငါသာ...

အကောင်းဆုံး အမှန်ဆုံးလို့ ပြောနေတဲ့


ဆရာကိုတွေ့ရင်

ဝေးဝေးကသာ ရှောင်ပေတော့ပျို့

သူက မြွေပွေးထက်ကြောက်စရာကောင်းတယ်။



ခင်ဗျား မျက်စိတစ်သုံးကနေကျော်ပြီး
ရှေ့ကိုကြည့်မယ်ဆိုရင်
လူထဲမှာ တော်တော်အသုံးမကျတဲ့လူဟာ
ခင်ဗျားဖြစ်နေတယ်ဆိုတာ
တွေ့ရလိမ့်မယ်…။



မိုက်ဆွေစာပေ

လုပ်ရဦးမယ်၊ လုပ်အုံးမယ်၊
လုပ်မှာပါ။ လုပ်တာပေါ့
နောက်မှပဲ ဟဲ..ဟဲ..ဟဲ..ဟဲ..
ဟိုး...ဟိုး... ခင်ဗျားအတွက်
အေးချမ်းတဲ့စခန်းဟာ ဝေးသွားပြီ
အခုလုပ် ဒါမှ အခုရမှာ။




ကိုယ့်အတွက် ဘာမှမလုပ်လိုက်ရဘဲ
သေသွားရမှာကို မကြောက်ဘူးလား
ဒီဘဝ ဒီတစ်ခါသာ
ဒီနာမည်နဲ့ လူဖြစ်လာရတာပါ
နောက်ဘဝဆိုတာ မသေချာဘူး။
ကိုယ့်အတွက် ကိုယ်လုပ်သွားစမ်းပါ။



တရားရှိတဲ့လူက စကားမပြောဘူး။

တရားသိတဲ့လူက အားကြီး စကားများတယ်။

တရားလိုချင်ရင် တရားရှိတဲ့လူကို ရှာပါ။



မိုးတိမ်ဆွေစာပေ

သိတဲ့လူတွေ ဖော်စားပြီးကုန်ပြီ

မသိသေးတဲ့ ခင်ဗျားအတွက်

အချိန်ရှိသေးတယ်

နောက်မှ မတ်တပ်ရပ်လို့

လမ်းမှာ ငိုမနေနဲ့

မရတော့ဘူး...။



ခင်ဗျား ခု စံနေတဲ့ စည်းစိမ်က
ခင်ဗျားကို ဒုက္ခဆိုတဲ့
ဓါးပါးပါးနဲ့ ခုတ်နေတာ
မသိသရွေ့တော့ ကောင်းနေဦးမှာပဲ။



ဘဝင်မမြင့်နဲ့
မကြီးကျယ်နဲ့ မာနမကြီးနဲ့
စိတ်က ငါသိပ်ဖြစ်နေပြီလို့ မထင်နဲ့
အဲဒီလို ထင်လိုက်တာနဲ့
ခင်ဗျား မြောင်းထဲရောက်ပြီမှတ်။



မိတ်ဆွေစာပေ

အမှုတကာ့ အမှုထဲမှာ

ရင်ထဲက အမှုဟာ

လူကို ဒုက္ခအပေးဆုံးပဲ

အမှုငြိမ်းဖို့ ပန်းဝတ်မှုန်သောက်လို့

မရဘူး။

တရားထိုင်ကြည့်...။



၃၁-ဘုံထဲမှာ ဘုရားပွင့်တာ
လူ့ဘုံတစ်ဘုံထဲပဲ ရှိတယ်။
ခင်များ လူဖြစ်ရတာ သိပ်မြတ်ပါတယ်။
လူဖြစ်ရကျိုးနပ်အောင်တော့ လုပ်ပေါ့။



အလုပ်တစ်ခုလုပ်တဲ့အခါ

အောင်မြင်ပြီး ပျော်ရွှင်နိုင်ဖို့ထက်


မအောင်မြင်တဲ့အခါ

ခံနိုင်ရည်ရှိဖို့က

ပိုအရေးကြီးတယ်။

ခံနိုင်ရည်ရှိတာကမှ

အနှစ်သာရဗျ။



လောဘပြီးရင် ဒေါသလာမယ်
လောဘနဲ့ ဒေါသပေါင်းမိရင်
မောဟ ဝင်လာမယ်
အဲ... သူတို့သုံးယောက်
ပေါင်းမိရင်တော့
ခင်ဗျားစုန်းစုန်းမြုပ်ပြီသာမှတ်။



မြတ်ဆွေစာပေ

စိတ်ဟာ
လိုချင်တဲ့အရာ
ဖြစ်ချင်တဲ့အရာကို
သဘောရှိ အာရုံခံစားနိုင်တာမို့
ထိန်းမထားနိုင်ရင်
စိတ်ကနှိပ်စက်တာနဲ့
ခင်ဗျား... ခန္ဓာပါပျက်မယ်။



သံသရာတစ်ခုလုံး
စိတ်တိုင်းကျ ထင်ရာလုပ်နေရတာ
အားမရသေးလို့
အခုထိ
ထင်ရာစိုင်းနေတုန်းဆိုတော့
လွန်တာပေါ့။



ကိုယ့်ကိုယ်ကိုယ်
မြင်းဘဝရောက်အောင်
မကျိုစားပါနဲ့
တပ်မက်မှုတွေ
ခင်ဗျာကုတ်ပေါ်ခွစီးနေတာ
ဒီအတိုင်းကြည့်နေတော့မှာလား




သူတို့ကို သွားမငဲ့လိုက်ပါနဲ့

ငဲ့လိုက်တာနဲ့ ခေါင်းတော့တာပဲ။

ခေါင်းတာနဲ့ မိတ်တော့မယ်။

မိတ်လိုက်တာနဲ့ ရောက်မှာသေချာတာက

နေ့ချင်းညချင်း ဒုက္ခလမ်းပေါ်ပဲ။




ဘယ်လိုလဲ

ဖမ့်နေပြီလား

ဒါန၊ သီလ၊ ဘာဝနာပြုလေ

ပွဲဈေးတန်းလျှောက်လည်ဖို့

ဘယ်သူက တိုက်တွန်းရလို့လဲ။



အသိမှတ်မှ
သတိကပ်ပါလိမ့်မယ်။
သတိကပ်မှလည်း
နိုးစပ်ပါလိမ့်မယ်။
နိုးစပ်မှလည်း
မီးဟပ်ခံရတဲ့ဘဝက
ခင်ဗျား လွတ်မှာ...။



ခင်ဗျားကိုယ်ခင်ဗျား
မသနားချင်နေပါ။
ရခဲလှတဲ့ လူ့ဘဝကို ရထားတဲ့
ခင်ဗျားဘဝလေးကို နှမြောရင်
ဘဝလွတ်လမ်းကို အမြန်ရှာသင့်တယ်။



အပျက်အစီးတွေနဲ့
အဖျက်အဆီးတွေဟာ
ခင်ဗျားလွတ်မြောက်နိုင်ဖို့
လမ်းပြနေတာပါ…။
တကယ်လို့ မပျက်သေးဘူးဆိုရင်
ခင်ဗျား မလွတ်မြောက်နိုင်သေးဘူး
သေချာတယ်။



ပျက်စီးသွားတဲ့ အိမ်ကိုတောင်
ပြန်ပြုပြင်ရင် ခဏလေးပါ။
ပျက်နေတဲ့စိတ်ကို ပြန်ပြင်တတ်ရင်
ခဏလေးပါပဲ။
ပျက်အစဥ် ပြင်ခဏမို့
ခင်ဗျား ဘာမှ အားငယ်မနေပါနဲ့
ပြင်လိုက်ပါ။



ငိုနေတဲ့ မျက်ရည်တွေကြောင့်
သေသွားတဲ့သူဟာ မျက်ရည်ပင်လယ်ထဲမှာ
နစ်တာလှည့် မျောတာလှည့် ဖြစ်နေမှာ
မသနားဘူးလား
ခင်များငိုနေလဲ အပိုပဲ
သူပြန်မလာတော့ဘူး။



မိုးတံဆွေစာပေ

သူများမျက်ချေး မစင်တာကို
ကြည့်ပြီး ဝေဖန်နေမယ်အစား
ကိုယ့်ခြေထောက်ဝဲခြောက်တွေ
ပျောက်အောင်အရင်ကုပါဦး။



မတတ်သာလို့ သည်းခံရတာထက်
သည်းခံနိုင်တဲ့ အရည်အချင်းရှိလို့
သည်းခံရတာက
ပိုပြီး အရသာရှိပါတယ်။



လောကမှာ ...

အမှန်တရား သိတဲ့လူတွေ

ရှိတော့ရှိတယ် ရှားတယ်။

ရှားတဲ့အထဲမှာ ခင်ဗျားတစ်ယောက်

ပါရှိဖို့တော့ လိုတယ်နော်။



လူကိုမကြည့်နဲ့ စိတ်ကိုကြည့်
အဆောင်အယောင် မကြည့်နဲ့
နာမ်ကိုကြည့်
သူ့အရည်အချင်းကို သိလာလိမ့်မယ်။



သဒ္ဒါနဲ့ တဏှာ ဟာ
တခြားစီပါ။
သောကနဲ့ သံဝေဂ ဟာ
တခြားစီပါ။
သတိနဲ့ အသိ ဟာ
တခြားစီပါ။
သွားပြီးမပေါင်းစပ်နဲ့
ခင်ဗျားမှားသွားမယ်။



စားလိုက်တဲ့
အကောင်းစားတွေအားလုံးဟာ
အရသာရှိတာ မဟုတ်ဘူး။
လျှာကသာ အရသာ သိနေတာ
အဲဒီလျှာကို သတ်နိုင်ဖို့
ကြိုးစား...။



နွားသားရေက အသုံးဝင်ပေမယ့်
လူသားရေက ဘာမှ
သုံးလို့မရဘူး။
ဒါနဲ့တောင် ဒီအရေပြားကို
တစ်ကိုယ်လုံး Spar
လုပ်နေသေးတယ်။
နမျောလိုက်တာ...။



မိတ်ဆွေစာပေ

မရှိတာကို ရှိတာဖြစ်အောင်
မလုပ်တာကို လုပ်ဖြစ်အောင်
မကောင်းတာကို ကောင်းသလိုလို
ဖြစ်အောင်
ခင်ဗျား... ဖန်တီးနေတာ။




မင်းဆွေစာပေ

စိတ်မှန်ရင် နိဗ္ဗာန်ရောက်မှာ မလွဲဘူး။
အထားမတတ်ရင်တော့
ကြားညပ်ပြီးလည်း နေ့အုံးမှာက
သံသရာတစ်ခုလုံးပါပဲ။
ကျွတ်… ကျွတ်…




လုပ်ရမယ့် အလုပ်ကို ဒီနေ့လုပ်ပါ
မနက်ဖြန်လုပ်ဖြစ်မယ်
မလုပ်ဖြစ်မယ်ဆိုတာ
ဘယ်သူမှ သေချာမပြောနိုင်ဘူး။




မိတ်ဆွေစာပေ

ခင်ဗျား ကြီးပွားချမ်းသာချင်သလား
လွယ်ပါတယ်...။
အအိပ်မမက်နဲ့ အစားမမက်နဲ့
လုံ့လမဖက် အေးစက်စက်မနေနဲ့။
မကြောက်နဲ့ ဒေါသမဖြစ်နဲ့
အပျင်းမထူနဲ့၊ ဖင်လေးမနေနဲ့
ဒါဆို... သေချာပြီ
ခင်ဗျား ကြီးပွားချမ်းသာတော့မှာ...



မဟာဆွေစာပေ

စီးပွားရေးမှာ
အပေါင်းအနုတ် အမြောက်အစားတွေနဲ့
လုပ်ဆိုရပေမယ့်
ဘာသာရေးမှာ
ဒါတွေက လုံးဝအသုံးမဝင်ဘူး
သေမင်းက အောနက်လည်း မပေးဘူး။
လာဘ်လည်း မစားဘူး။
သဘောပေါက်…။



ခင်ဗျား သူ့လိုဖြစ်ချင်ရင်

သူ့လိုလုပ်ပေါ့။

သူလိုမဖြစ်ချင်ရင် သူကိုလေ့လာ

ဒါပေမဲ့...

သူ့ကိုလေ့လာနေရင်းနဲ့

သူ့လိုလည်း ဖြစ်တတ်တယ်နော်

သတိထား...။



ဘဝက ကံကပေးတဲ့
အဖြေမှာပဲ ကျောက်ချနေမယ်ဆိုရင်
ဒီဘဝ နောက်ဘဝ
ခင်ဗျား အောက်ကျပြီသာမှတ်။



ကိုယ့်ကိုယ်ကိုယ် ဘာလုပ်ချင်မှန်း
ဘာဖြစ်ချင်မှန်း မသိတဲ့လူဟာ
ဘာကိုမှ သိမှာမဟုတ်တော့ဘူး။
တကယ်လုပ် အဟုတ်ဖြစ်ပါတယ်။
ဘာဖြစ်ချင်သလဲဆိုတာသာ
နိုင်နိုင်မာမာဆုံးဖြတ်
ဒါဆို ခင်ဗျားသေချာပြီ။



တကယ်သိ တကယ်ရှိ ဆိုတာ

တကယ်ရှိတဲ့အတိုင်းကိုသိတာ

"အသိနဲ့အရှိ" ညီမျှခြင်းပြုပြီ

ဆိုရင်တော့...

ခင်ဗျား ဘာကိုမှ အထင်မကြီးတော့ဘူး။



လူတစ်ယောက် အသက် (၄၀) (၅၀)
ရောက်တဲ့အထိ
ဘာမှဖြစ်ဖြစ်မြောက်မြောက်
မလုပ်နိုင်ခဲ့ဘူးဆိုရင်တော့
သူနဲ့ပတ်သက်လို့
လေးစားစရာတစ်ခုမှ မရှိတော့တာ
ကဲ... ခင်ဗျားရော ဘယ်အရွယ်ရှိပြီလဲ။



ဘဝအဓိပ္ပါယ်ဆိုတာ ဟိုဆရာ ဒီဆရာတွေ ဖွင့်ဆိုထားတာကို အသာထားဦး၊ ခင်များဘဝ လူလားမြောက်ပြီးရင် အလုပ်သေးသေးလေးဖြစ်စေ၊ အလုပ်ကြီးကြီးဖြစ်စေ၊ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ သူများအလုပ်ဖြစ်စေ ပြီးမြောက်အောင် မြင်အောင် လုပ်ပြီးပြီလား ဒါဆိုသေချာပြီ

ဘဝဆိုတာ အလုံးကြီးလား အပြားကြီးလား ခင်များ ကွဲပြားသွားပြီ။



မဟာဆွေစာပေ

လက် (၁၀) ချောင်းတောင်မှ
အတိုအရှည် မညီတာကို
လက်ခံနိုင်ရင် ခင်များမှာ
ဘာအတွက် ဘယ်အရာ
ဘာကိုများ ဆိုပြီး ပျာယာခတ်
နေဦးမှာလဲ။



မိတ်ဆွေစာပေ

လူတွေဟာ

အနာဂတ်ကောင်းစားအောင်

အတိတ်က အရိပ်ဆိုးကြီးကို

ပစ္စုပ္ပန်မှာ ပြောင်းပြန်လှန်ပစ်ချင်

တာ သဘာဝတော့ ကျပါတယ်။

ခက်တာက ခလုပ်ထိမှ အမိတ ဒုက္ခ

တွေ့မှ ဗုဒ္ဓရှေ့ရောက်ကြတာဟာ

ခင်ဗျားတို့ သိပ်နောက်ကျလွန်းမနေ

ဘူးလား။




ကိုယ့်တာဝန်မှ
ကိုယ်မယူချင်တဲ့သူ
သူများတာဝန်ဆိုတာတော့
အဝေးကြီး။



သတ္တိရှိတဲ့သူဟာ ဘဝမှာ တစ်ခါပဲ သေရတယ်။ သတ္တိမရှိတဲ့သူကတော့ ဘဝမှာ အကြိမ်ကြိမ် သေရတယ်… တဲ့။

သတ္တိဆိုတာ ထွေထွေထူးထူး နဖူးမှာ ဂျိုပေါက်လာတာ မဟုတ်ဘူး။ ကိုယ်လုပ်ရမယ့် ကြောက်ရွံ့စရာကိစ္စကို ကြောက် ကြောက်နဲ့ပဲ ပြီးအောင်လုပ်လိုက်တာ သတ္တိပဲ။

ခင်ဗျားရော သတ္တိတကယ်ရှိရဲ့လားကိုယ့်လူ။



ဘဝမှာ မပျော်မရွှင် နေထိုင်ခဲ့ရတဲ့
အချိန်တွေဟာ အချည်းနှီးပါလားလို့
ခင်ဗျားသဘောပေါက်လိုက်ပြီဆိုတာနဲ့
ခင်ဗျား ဒီထက်ပိုပြီး အရှည်ရှည် နေထိုင်လို့
ရသွားပြီလို့မှတ်။



ချမ်းသာတဲ့သူတွေက

ငွေကိုရင်းနှီးမြှုပ်နှံမှု တွေထဲမှာ အနေခိုင်းပြီး

ဆင်းရဲတဲ့သူတွေက ဝင်ငွေကို အပျော်အပါး

အသောက်အစား အသုံးအဖြုန်းထဲမှာ

နေစေတယ်။

ခင်ဗျားရော ခင်ဗျားဝင်ငွေကို

ဘယ်မှာနေစေချင်တာလဲ…။



လူတိုင်းအလုပ်လုပ်နေကြတာ
ဘာကြောင့်ချမ်းသာသလဲ
ဘာကြောင့်ဆင်းရဲသလဲ
လာမမေးနဲ့...။

ချမ်းသာအောင်လုပ်လို့ ချမ်းသာတာ။ ဆင်းရဲအောင်လုပ်လို့ ဆင်းရဲတာ။ ဆင်းရဲအောင်လုပ်တာလည်း လူပဲ။ ချမ်းသာအောင်လုပ်တာလည်း လူပဲ။ ဘာမှမလုပ်ဘဲ ချမ်းသာချင်ရင်တော့ ခင်ဗျားအဲ့ဒီလမ်းဘေးမှာ လဲသေလိုက်။



လူတွေက အလုပ်တော့မလုပ်ကြဘဲ
ဘုရားပေးပေး ကျမ်းပေးပေး
ငါဘာမှမသိ ငါဘာမှမပြော
ငါဘာမှမလုပ်လို့ အပြစ်လွတ်အောင်
မဟုတ်တရုတ်စကားတွေနဲ့
ဖောင်ဖွဲ့ပြီး ကျမ်းကျိန်နေကြတုန်း
ကဲ... ခင်ဗျားရော ဘာလုပ်မှာတုန်း။



ဘဝမှာ လူတစ်ယောက်အတွက်
ဘာအရေးကြီးဆုံးလဲ
နံပါတ်တစ် ရိုးသားကြိုးစားပါ။
နံပါတ်နှစ် သတ္တိရှိဖို့
နံပါတ်သုံး ကတိသစ္စာရှိဖို့
ဒါပဲ...။



ဆုံးဖြတ်ဖို့ လိုတဲ့အခါ ဆုံးဖြတ်လိုက်
ရွေးချယ်စရာရှိတဲ့အခါ ရွေးချယ်လိုက်
တွေဝေမှုဟာ အနိုင်အရှုံးကို
မကွဲပြားဘဲ ခင်ဗျားစိတ်ကို
မွှန်းကျပ်နေလိမ့်မယ်။



အခက်အခဲဆိုတာ
ကျော်လွှားဖြတ်သန်းရတာ
မဖြစ်နိုင်ဘူးဆိုတဲ့အရာကို
ဖန်တီးရတာ ပျော်စရာကောင်းပါတယ်။
ခင်ဗျား လုပ်ကြည့်



သူများကို အချစ်မပေးခင်
သူများပေးတဲ့အချစ်ကို
ကိုယ်က သာစုဆော်တတ်အောင်
အရင် ကျင့်ကြံပါဦး...။



ကိုယ့်ထက်သာတဲ့သူကိုတွေ့ရင်

တစ်နေ့နိမ့်သွားမှာပဲလို့မှတ်

ကိုယ်ထက်နိမ့်တဲ့သူတွေ့ရင်

တစ်နေ့မြင့်သွားမှာပဲလို့မှတ်

ဘယ်သူကိုတွေ့တွေ့

တစ်နေ့အတူတူသွားကြရမှာပဲ

လို့ မှတ်

ဒါလောကသစ္စာပဲ။



ခင်ဗျားသွားရမယ့်လမ်းနဲ့

သွားနေတဲ့လမ်းက...

ခင်ဗျားမျက်စိလည်နေပြီ

လမ်းမှားတော့မယ်

သတိထား...။



မရှိပြန်တော့
တောင့်တကြတယ်။
ရှိပြန်တော့
ကြောင့်ကြကြတယ်။
ဘယ်နေရမှ
မသက်သာပါလားဗျား။



စိတ်ကူးမှန်ရင် စေတနာမှန်မယ်
စေတနာမှန်ရင် လုပ်ရပ်မှန်မယ်
လုပ်ရပ်မှန်ရင် အကျိုးပေးမှန်မယ်
ကဲ… ဘယ်နယ်တုံး
ကျုပ်ပြောတာ ဟုတ်ရဲ့လား…။



ခင်ဗျားလက်ခံသမျှ အားလုံး
ခင်ဗျားကို ဖန်တီးသွားမှာပဲ
ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။
ဆိုးတာလုပ်ရင် ဆိုးတာဖြစ်မယ်
ဒါကို ခင်ဗျား... လက်ခံလား...။





# ပြောပြချင်တာက

လူ့ဘဝဆိုတာ အချိန်အတိုင်းအတာတစ်ခုကုန်ဆုံးသွားတာနဲ့ တစ်ပြိုင်နက် ဒီလောကမှာလျှော့ပါး ပျောက်ကွယ်သွားရစမြဲပါ။

အဲဒီ့လိုစီးဆင်းရွေ့လျှောနေတာကို သတိမမူမိလို့ပဲဖြစ်ဖြစ် အမှတ်မထားခဲ့ မိလို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် သိသိကြီးနဲ့ ဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ဘဝတွေပျောက်ကွယ်သွားမှာကိုဟန်ဆောင်နေရတာ ရူးချင်ယောင်ဆောင်နေရတာ...အင်မတန်မှခက်ခဲပါတယ်။


ကျေးဇူးတင်ပါသည်
ချစ်ခြင်းအားဖြင့်
လောကသစ္စာ
Ph-09798315882

ရှင်သန်နေထိုင်စဉ်မှာ ဘယ်အခါမှ မကုန်ဆုံးနိုင်သေးတဲ့ ဘဝရဲ့နေ့ရက်များဆိုတဲ့ ခေါင်းစဉ်နဲ့ စာစီစာကုံးရေးနေကြရတဲ့ လူတွေကိုမျှဝေချင်တာပါ...။

ကုန်ဆုံးပျောက်ကွယ်မသွားကြသေးခင် ရှောင်လွဲမရတဲ့ ဒုက္ခအပေါင်းကို ရင်ဆိုင်ကျော်ဖြတ် နေကြရတုံးမှာ မိမိတို့ရဲ့ စိတ်ထားလေးတွေ၊ မိမိတို့ရဲ့ အသိဉာဏ်လေးတွေ မိမိတို့ရဲ့ ကြိုးစားအားထုတ်မှုလေးတွေ မှန်ကန်စေဖို့ အကြံပေးချင်တာပါ။

ဒီကမ္ဘာလောကကြီးထဲကို အကြောင်းအမျိုးမျိုးနဲ့ရောက်ရှိလာပြီး လူသားတို့ရဲ့ ကောင်းကျိုးတစ်ခုခုကို ဆောင်ရွက်ခဲ့ပါလားဆိုတဲ့ အမှတ်အသားလေးတစ်ခုခု ချန်ထားခဲ့နိုင်လျှင် ပိုပြီးကောင်းမွန်ပါလိမ့်မယ်။

လူသားဘဝကိုရတဲ့ တခဏမှာ လူသားဘဝပီပြင်ရန် ပြုမူဆောင်ရွက်နေထိုင်ဖို့၊ မှန်ကန်စွာ ရှေ့လျှား ရုန်းကန်ဖို့ စာနာစွာစီးမျောဖို့၊ ကြည်လင်ပျော်ရွှင်ငြိမ်းချမ်းစွာ နစ်မျောဖို့၊ အသိရှိစွာ သတိရှိစွာနဲ့ လူလောက ကမ္ဘာမြေပေါ်မှာ ရပ်တည်ဖို့ ကျွန်တော် မှတ်သားဖတ်ထားတဲ့ အင်တာနက်ဖေ့(စ်)ဘုတ်ပေါ်က အကြောင်းအရာ လေးများကို မျှဝေတာပါ။

ဖေ့(စ်)ဘုတ်ပေါ်တင်တဲ့ သူများကိုရော မူရင်းရေးသား

သူများကိုရော ခွင့်ပန်ချင်တာက သိခြားရှာဖွေ ဖတ်ရှုနေကြမယ့် အစား မိမိတို့ ရေးသားတင်ပြလိုက်ရတဲ့ စာစုလေးတွေကို လူသားအကျိုးပြုဖို့ ထပ်မံဝေမျှပေးနေခြင်းဖြစ်ပါတယ်.. လို့.. ဆိုတဲ့ အသိလေးနဲ့ ခွင့်ပြုပေးစေချင်ပါတယ်။

ကမ္ဘာလောကကြီးထဲကိုရောက်လာတဲ့ တစ်ခဏဘဝလေးမှာ ကောင်းမွန်ပြည့်စုံစွာ စိတ်ချမ်းမြေ့ကြည်နူးစွာနဲ့ လူသားတွေအားလုံး ရှင်သန်ရပ်တည်နိုင်ကြဖို့ ကျွန်တော်တို့သိသလောက် တတ်သလောက် မှတ်သလောက်နဲ့ ဝိုင်းဝန်းကူညီပေးခြင်းဖြင့် အကျိုးပြုလိုက်ကြပါစို့...။

လူသားအားလုံး လိုအင်ဆန္ဒပြည့်ဝကြပါစေ။

* * * * *